

# LESSON 8　もう一度(いちど)お願(ねが)いします
## MÔICHIDO　ONEGAI　SHIMASU

| | | |
|---|---|---|
| 先生(せんせい)<br>ဆရာ | みなさん、これを覚(おぼ)えてください。<br>試験(しけん)によく出(で)ます。<br>MINASAN, KORE O OBOETE KUDASAI.<br>SHIKEN NI YOKU DEMASU. | အားလုံးပဲ ဒါကိုမှတ်ထားပါ။<br>စာမေးပွဲမှာခဏခဏပါတယ်။ |
| 学生(がくせい)<br>ကျောင်းသူကျောင်းသားများ | えっ。<br>E'. | ဟယ် |
| アンナ<br>အန်းနာ | 先生(せんせい)、もう一度(いちど)お願(ねが)いします。<br>SENSEI, MÔICHIDO ONEGAI SHIMASU. | ဆရာ ...<br>နောက်တစ်ကြိမ်ထပ်ပြောပါဦးရှင်။ |



### သဒ္ဒါရှင်းလင်းချက်

### ① TE-ပုံစံကြိယာများ (၁) အခြေခံပုံစံ

☞ *ကြိယာများ : စာမျက်နှာ ၃၄၊ ၃၅ သို့*

◈ စာကြောင်းအလယ်မှာကြိယာကိုသုံးရင် TE-ပုံစံပြောင်းထားတဲ့ကြိယာကိုသုံးရပါတယ်။

◈ TE-ပုံစံကြိယာဆိုတာ TE ဒါမှမဟုတ် DE နဲ့ဆုံးတဲ့ပုံစံကိုပြောင်းထားတဲ့ကြိယာတွေပါ။
ကြိယာရဲ့အဆုံးက MASU ကိုဖြုတ်ပြီး TE ကိုထည့်လိုက်ရင် TE-ပုံစံကြိယာဖြစ်သွားပါတယ်။
ဥပမာ -OBOEMASU (မှတ်တယ်၊ မှတ်မယ်) ⇒ OBOETE

### ② TE-ပုံစံကြိယာ + KUDASAI (ကျေးဇူးပြုပြီး__ပါ)

◈ တစ်ယောက်ယောက်ကို တစ်ခုခုလုပ်ပေးပါလို့တောင်းဆိုတဲ့အခါ TE-ပုံစံကြိယာရဲ့နောက်မှာ KUDASAI (ကျေးဇူးပြုပြီး __ပါ) ဆိုတာကိုထည့်ပြောပါတယ်။

ဥပမာ - OBOEMASU + KUDASAI = OBOETE KUDASAI (ကျေးဇူးပြုပြီးမှတ်ထားပါ)




### အိုနိမာတိုပဲ




ကြည်နူးလို့ ဒါမှမဟုတ် တစ်ခုခုကိုမျှော်လင့်ရလို့ ရင်တွေတဒိန်းဒိန်းခုန်တာကိုဖော်ပြတဲ့အိုနိမာတိုပဲပါ။




ရုတ်တရက်လန့်ပြီးထိတ်ခနဲဖြစ်သွားတာကို ဖော်ပြတဲ့အိုနိမာတိုပဲပါ။

Created by NHK WORLD © ver. April 2015